ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၈ ၊ အမှတ် ၁၁ | ၂၀၂၃ ခုနှစ် ၊ မတ်လ ၁ ရက်

## အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီနှင့် တာဝန်ရှိသူများမှတင်သွင်း လျှပ်စစ်သုံးယာဉ်များနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား တွေ့ဆုံဆွေးနွေးခြင်း၊ ကြည့်ရှုစစ်ဆေးခြင်းနှင့် အစည်းအဝေး ကျင်းပခြင်း



အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီနှင့် တာဝန်ရှိသူများမှတင်သွင်း လျှပ်စစ်သုံးယာဉ်များနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား တွေ့ဆုံဆွေးနွေးခြင်း၊ ကြည့်ရှုစစ်ဆေးခြင်းနှင့် အစည်းအဝေးကို (၁၈-၂-၂၀၂၃) ရက်နေ့၊ နေ့လည် (၁၃:၄၅) နာရီအချိန်တွင် အေးရှားဝေါ ဆိပ်ကမ်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးအား ပြည်ထောင်စုဝန်ကြီးမှ ဦးဆောင်၍ ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဆိပ်ကမ်းမှ တာဝန်ရှိသူများနှင့် အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိအရာထမ်းများအားလုံး တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။



အစည်းအဝေးတွင် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းမှ အဖွင့်အမှာစကားပြောကြားရာတွင် တင်သွင်းလျှပ်စစ်သုံးယာဉ်များ အခြေအနေနှင့် လျှပ်စစ်သုံးယာဉ်များနှင့်ပတ်သက်ပြီး အကောက်ခွန်ဦးစီးဌာနနှင့် ကုန်သွယ်ရေးဦးစီးဌာနတို့၏ လိုအပ်သည့်အချက်အလက်များကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆွေးနွေးပြီး အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီမှ တာဝန်ရှိသူများနှင့် လာရောက်ကြည့်ရှုစစ်ဆေးခြင်း ဖြစ်ကြောင်းနှင့် လာရောက်ကြည့်ရှု ကူညီပေးသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အား အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ အမျိုးသားအဆင့်လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း၊ မြေပြင်မှာဖြစ်နေသည့် အနေအထားများအား ဦးဆောင်ကော်မတီသို့ တင်ပြဖြေရှင်းပေးနိုင်အောင် ပြုလုပ်ခြင်းဖြစ်ကြောင်းနှင့် တင်သွင်းလျှပ်စစ်ကားများနှင့်ပတ်သက်ပြီး အချိန်နှင့်တစ်ပြေးညီ မှန်မှန်ကန်ကန် တင်ပြစေလိုကြောင်း၊ တင်သွင်းလျှပ်စစ်ကားများနှင့်ပတ်သက်၍ ဆောင်ရွက်ထားသည်များအား ပြည်သူများသိရှိအောင် ထုတ်ပြန်နိုင်ဖို့ ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။ သက်ဆိုင်ရာ တာဝန်ရှိသူများမှ ပါဝင်ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးအား နေ့လည် (၁၅:၀၀) အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



# ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်အစည်းအဝေး





၁၇-၂-၂၀၂၃ ရက်နေ့၊ (၁၃:၀၀) နာရီအချိန်တွင် မြန်မာစက်မှုဆိပ်ကမ်း (MIP) ၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ၏ လုပ်ငန်းဆိုင်ရာတင်ပြချက် အစည်းအဝေးအား တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အတွင်းရေးမှူး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင် ဦးဆောင်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ အဖွဲ့ဝင်များနှင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးရည်ရွယ်ချက်မှာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ပိုမိုထိရောက်စွာ တားဆီးအရေးယူနိုင်ရန်နှင့် တိကျစွာလိုက်နာ ဆောင်ရွက်ရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ သက်ဆိုင်ရာဌာန အသီးသီးမှ ပါဝင်ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို (၁၄:၃၀) နာရီ တွင် ရုပ်သိမ်းခဲ့ပါသည်။

# ဦးစီးဌာနအဆင့် ဌာနအကြီးအကဲနှင့် ဝန်ထမ်းထု လစဉ်ပုံမှန် ဆွေးနွေးဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ မှ သြဝါဒ စကားပြောကြားခြင်း






ဦးစီးဌာနအဆင့် ဌာနအကြီးအကဲနှင့် ဝန်ထမ်းထုလစဉ်ပုံမှန် ဆွေးနွေးဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားအား ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ နံနက် (၀၉:၀၀) နာရီ အချိန်တွင် ရန်ကုန်မြို့၊ အကောက်ခွန်ဦးစီးဌာန ဖေယျာသီဟာခန်းမ၌ ကျင်းပခဲ့ရာ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ အကောက်ခွန်ဝန်ထမ်းများအား သြဝါဒစကား ပြောကြားခဲ့ပြီး အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အရာထမ်း နှင့် အမှုထမ်း စုစုပေါင်း (၁၅၀) ဦး တက်ရောက်ခဲ့ကြပါသည်။

# အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း (၃၆) ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကျင်းပခြင်း





အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း၏ (၃၆) ကြိမ်မြောက်နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးအား ၂၆-၂-၂၀၂၃ ရက်နေ့၊ နံနက်(၀၈:၃၀) နာရီအချိန်၊ အကောက်ခွန်သင်တန်းကျောင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးခင်ငြိမ်း၊ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးကျော်မြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးသီဟသူရသိန်းထွန်းတင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် အကောက်ခွန်ဝန်ထမ်းဟောင်းများ စုစုပေါင်း (၁၅၀) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် အကောက်ခွန်ဝန်ထမ်းဟောင်းအသင်း နာယက ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ အဖွင့်အမှာစကားပြောကြားခြင်း၊ အကောက်ခွန်ဝန်ထမ်းဟောင်းအသင်း ဥက္ကဋ္ဌ ဦးဘလှမောင်မှ အဖွင့်အမှာစကားပြောကြားခြင်း၊ ၂၀၂၃ ခုနှစ်အတွက် ရွေးချယ်ထားသော နာယကကြီးများ၏ အမည်စာရင်းကိုဖတ်ကြားတင်သွင်းခြင်း၊ နာယကကြီးများမှ ဩဝါဒစကားပြောကြားခြင်း၊ ၂၀၂၂ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားအတည်ပြုခြင်း၊ အကောက်ခွန်ဦးစီးဌာနမှ လှူဒါန်းထောက်ပံ့ငွေအား လက်ခံရယူခြင်း၊ ဥက္ကဋ္ဌမှ နိဂုံးချုပ်အမှာစကား ပြောကြားခြင်း စသည်တို့အား ဆောင်ရွက်ခဲ့ပြီး အခမ်းအနားအား ယင်းနေ့နံနက် (၁၀:၀၀) နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

# ပြင်ပမှ အလုပ်သင် ဒု-အကောက်ခွန်မှူး ရေးဖြေအောင်မြင်သူများအား လူတွေ့စစ်ဆေးခြင်း



ပြင်ပမှ အလုပ်သင် ဒု-အကောက်ခွန်မှူး ရေးဖြေအောင်မြင်၍ ရွေးချယ်ခံရသူ (၁၀၅) ဦး၏ ခုံအမှတ်များအား အကောက်ခွန်ဦးစီးဌာန Website ၌ ထုတ်ပြန်ကြေညာခဲ့ပြီး အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) တွင် ၂၀-၂-၂၀၂၃ ရက်နေ့နှင့် ၂၁-၂-၂၀၂၃ ရက်နေ့တို့တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ) ဦးတင်ကိုထက် မှဦးဆောင်၍ လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

# ဒုတိယလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး၊ စာရင်းကိုင်-၄၊ အငယ်တန်းစာရေး၊ အကောက်ခွန်ထိန်း ရေးဖြေအောင်မြင်သူများ အား လူတွေ့စစ်ဆေးခြင်း



ဒုတိယလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး၊ စာရင်းကိုင်-၄၊ အငယ်တန်းစာရေး ရာထူး (၅၂) ဦးနှင့် အကောက်ခွန်ထိန်း ရာထူး (၆၁) ဦးတို့သည် ရေးဖြေအောင်မြင်၍ ရွေးချယ်ခံရသူများ၏ ခုံအမှတ်များအား အကောက်ခွန်ဦးစီးဌာန Website ၌ ထုတ်ပြန်ကြေညာခဲ့ပြီး ၂၀-၂-၂၀၂၃ ရက်နေ့တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)နှင့် (၄၉)လမ်း၊ သင်တန်းကျောင်းခန်းမတို့တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး) ဦးရဲထွဋ်အောင် မှဦးဆောင်၍ လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

## လုပ်ငန်းခွင် မွမ်းမံသင်တန်း (၁/၂၀၂၃)

## သင်တန်းဆင်းပွဲ အခမ်းအနား



စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ လေ့ကျင့်ရေးဌာနစု၊ အကောက်ခွန်သင်တန်းကျောင်း၏ (၁၆-၂-၂၀၂၃)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် လုပ်ငန်းခွင်မွမ်းမံသင်တန်း(၁/၂၀၂၃) သင်တန်းဆင်းပွဲအား စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဒေါ်သီသီတင်မှ ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပြီး သင်တန်းသားဦးရေ (၆၂) ဦး တက်ရောက်ခဲ့ပါသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့်ရောက် ပစ္စည်းများအား လေလံစနစ်ဖြင့် ရောင်းချခြင်း




စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော အရက်၊ ပလတ်စတစ်ဖြတ်စ၊ Mattress ၊ Accessories ၊ Leather ၊ Pieces ၊ Used TV ၊ Recondition Copier ၊ Phone Battery ၊ Oxygen Concentrator ၊ Lubrizol ၊ ဂီတာကြိုး ၊ အင်ဂျင်ဝိုင် ၊ ဖုန်းနှင့် အထွေထွေကုန်ပစ္စည်းများအား (၇-၂-၂၀၂၃) ရက်နေ့ နံနက် (၁၀:၀၀) နာရီအချိန်တွင် ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၌ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုး-၅ ဥက္ကဋ္ဌအဖြစ် ပါဝင်သော လေလံတင်ရောင်းချရေးအဖွဲ့ဖြင့် စုစုပေါင်း လေလံ အုပ်စု (၄) စု အား လေလံတင်ရောင်းချခဲ့ရာ နိုင်ငံတော်ဘဏ္ဍာငွေ စုစုပေါင်းကျပ် (၂၆၂,၁၀၀,၀၀၀) ရရှိခဲ့ပါသည်။

# ဖမ်းဆီးရမိသည့် အများပြည်သူသုံးစွဲရန်နှင့် စားသုံးရန်မသင့်သော ရက်လွန်အေးခဲအသားများ၊ ဆေးဝါးများ၊ အလှကုန်များ နှင့် ဘီယာများအား ဖျက်ဆီးခြင်း






အကောက်ခွန်ဦးစီးဌာန၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲရှိ ပြည့်သူဘဏ္ဍာသိမ်း ထု/ခွဲ ဖျက်ဆီးအဆင့်ရောက် အမှုတွဲ (၂၈) မှု ပါ အများပြည်သူသုံးစွဲရန်နှင့် စားသုံးရန်မသင့်သော ရက်လွန်အေးခဲအသားများ၊ ဆေးဝါးများ၊ အလှကုန်များနှင့် ဘီယာများ၊ စုစုပေါင်းတန်ဖိုး (၁,၆၅၁,၃၂၅,၇၀၂) ကျပ်ခန့်အား (၂၇-၂-၂၀၂၃) ရက်နေ့၊ နံနက် (၀၉:၀၀) နာရီအချိန်တွင် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုး-၅ ဥက္ကဌ အဖြစ်ပါဝင်သော ဖျက်ဆီးရေးအဖွဲ့ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်၊ ထိန်ပင်နောက်ဆုံး စွန့်ပစ်အမှိုက်ပုံ၊ လှိုင်သာယာမြို့နယ်၌ စနစ်တကျဖျက်ဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၁၀၉၂.၉၉၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန် နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/ တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီး အရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလ (၁) ရက်နေ့ မှ (၂၈) ရက်နေ့အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၃၃၉) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၁၁၀၉၂.၉၉၃) သန်းဖြစ်ပါသည်။

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု

(၉-၂-၂၀၂၃) ရက်နေ့ (၁၆:၅၀) အချိန်ခန့်၌ MNA Airlines လေယာဉ် ခရီးစဉ်အမှတ်၊ (UB-504) ဖြင့် ကလေးမြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (ပြည်တွင်း) Cargo သို့ ရောက်ရှိလာသော ပစ္စည်းများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့မှ စစ်ဆေးခဲ့ရာ အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Tests Kit (Standard-Q) (Covid-19 Ag) (C/O-India) (Exp;01/2024) (1Box-25 Pcs) x (40Boxes)-(1000-Pcs)(17-Boxes)-(17000-Pcs)၊ ခန့်မှန်းတန်ဖိုးကျပ် (၂၅,၅၀၀,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။



## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၁၀၉၂.၉၉၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု

(၇-၂-၂၀၂၃) ရက်နေ့တွင် မြန်မာ့စက်မှုဆိပ်ကမ်း (MIP) ၌ Trade Point Co.,Ltd မှ ID No. (100232371740) (27.1.2023)၊ ကုန်သေတ္တာအမှတ်၊ (MSKU-1102363)(1X40') ဖြင့်တင်သွင်းလာသော ကုန်ပစ္စည်းများအားစစ်ဆေးရာ ID တွင် ကြေညာထားခြင်းမရှိသော သွင်းကုန်လိုင်စင်လိုအပ်သည့် Eastern Type Toilet (Brand-Junsha) (C/O-China) (75-U) အပါအဝင် ကုန်ပစ္စည်း (၁၀) မျိုး၊ ခန့်မှန်းတန်ဖိုးကျပ် (၃၈,၃၅၀,၀၀၀/-) ခန့်အား လည်းကောင်း၊ Brand-New (VIVO-1724) (Handset-Only) (C/O-China) (511-U) အပါအဝင် လက်ကိုင်ဖုန်းမျိုးစုံ (၆၄)မျိုး၊ ခန့်မှန်းတန်ဖိုးကျပ် (၁,၆၃၃,၄၄၀,၀၀၀/-) ခန့်အား လည်းကောင်း၊ REDMI-NOTE 5A (Used) (Handset Only) (C/O China) (1113-U) အပါအဝင် လက်ကိုင်ဖုန်းမျိုးစုံ (၁၆) မျိုး၊ ခန့်မှန်းတန်ဖိုးကျပ် (၁၂၅,၆၄၀,၀၀၀/-) ခန့်အားလည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။









## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၁၀၉၂.၉၉၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### နယ်မြေများတွင် တားဆီး/ ဖမ်းဆီးမှု

(၂၂-၂-၂၀၂၃) ရက်နေ့တွင် မန္တလေးမြို့မှ လားရှိုးမြို့သို့ သွားရောက်မည့် ယာဉ်အမှတ်၊ (4H-7981) (DONG-FENG) (6W) အား (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ပူးပေါင်းအဖွဲ့မှစစ်ဆေးရာ ယာဉ်ပေါ်၌ မုန့်ဖာများဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျွန်းခွဲသား (ဆိုဒ်မျိုးစုံ) (၆၄) ချောင်း၊ (၄.၁၆၄၈) တန်၊ ခန့်မှန်းတန်ဖိုးကျပ် (၄,၅၈၁,၂၈၀/-) ခန့်အား လည်းကောင်း၊ အခင်းဖြစ်ယာဉ် အမှတ် (4H-7981) (DONG-FENG) (6W)၊ ခန့်မှန်းတန်ဖိုးကျပ် (၁၅,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။







## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၁၀၉၂.၉၉၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### နယ်မြေများတွင် တားဆီး/ ဖမ်းဆီးမှု

(၂၅-၂-၂၀၂၃) ရက်နေ့တွင် မူဆယ်မြို့၊ ဆင်ဖြူစစ်ဆေးရေးဂိတ်တွင် တရုတ်နိုင်ငံမှ ဝင်ရောက်လာသော ယာဉ်အမှတ်၊ (MDY/8I–5100) (Toyota) (Super–Customs) အား မူဆယ် ခရိုင်တရားမဝင်ကုန်ပစ္စည်းများတားဆီးရေးအဖွဲ့မှ ရှောင်တခင်သွားရောက် စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော (ကျောက်တုံး ကျောက်ခဲ) (အရွယ်မျိုးစုံ- အလေးချိန်မျိုးစုံ) (57.5) kg အပါအဝင်(၁၇)မျိုး၊ ခန့်မှန်းတန်ဖိုးကျပ်(၁၄,၂၇၅,၀၀၀/–) ခန့်အား လည်းကောင်း၊ SMART WATCH (W–S67) (C/O–CHINA) (50U) အပါအဝင်ကုန်ပစ္စည်း(၃)မျိုး၊ ခန့်မှန်းတန်ဖိုးကျပ် (၆,၄၀၀,၀၀၀/–) ခန့်အားလည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်၊ (MDY/8I–5100) (Toyota) (Super–Customs)၊ ခန့်မှန်းတန်ဖိုးကျပ် (၁၅,၀၀၀,၀၀၀/–) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။








## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၁၀၉၂.၉၉၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

**ထူးခြားဖမ်းဆီးမှု**

(၁၈–၂–၂၀၂၃) ရက်နေ့တွင် ကိုးတိုင်ရွာဘက်မှ မြဝတီမြို့ဘက်သို့ မောင်းနှင်လာသည့် ဆိုင်ကယ် (နံပါတ်မပါ) (SHIN BO) (CZI–125) အနက်ရောင်ဆိုင်ကယ်အား ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးရှာဖွေရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ ကြွပ်ကြွပ်အိတ်အနက်ရောင်ဖြင့် ထုပ်ထားသော ဆေးခြောက် (အညိုရောင်–ဘလောက်တုံး)(၁)တုံး၊ အလေးချိန် (၉၀၀) ဂရမ်၊ ခန့်မှန်းတန်ဖိုးကျပ်(၁,၈၀၀,၀၀၀/–) ခန့်အား လည်းကောင်း၊ အခင်းဖြစ်ဆိုင်ကယ် (နံပါတ်မပါ) (SHIN BO) (CZI–125)၊ ခန့်မှန်းတန်ဖိုးကျပ် (၇၀၀,၀၀၀/–) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။





## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၁၀၉၂.၉၉၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

**ထူးခြားဖမ်းဆီးမှု**

(၂၅-၂-၂၀၂၃) ရက်နေ့တွင် မန္တလေးမြို့မှ မူဆယ်မြို့သို့ ထွက်ခွာလာသည့် ယာဉ်အမှတ်၊ (YGN/8J–5632) (OK–MUSE) အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ စစ်ဆေးနေစဉ် ယာဉ်မောင်း နှင့် ယာဉ်နောက်လိုက် (၂) ဦး တို့သည် စခန်းအနောက်ဘက်ရှိ တောအုပ်ထဲသို့ ထွက်ပြေးသဖြင့် ၎င်းယာဉ်အား အသေးစိတ်ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်ပေါ်ရှိအံဝှက်များအတွင်း သို့ဝှက်သယ်ဆောင်လာသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး (2.5) Kg (1U) အပါအဝင် ပစ္စည်း (၇) မျိုး၊ ခန့်မှန်းတန်ဖိုးကျပ် (၁၂၁,၈၇၅,၀၀၀-/) ခန့်အား လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်၊ (YGN/8J–5632) (OK–MUSE)၊ ခန့်မှန်းတန်ဖိုးကျပ် (၈၀,၀၀၀,၀၀၀-/) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။





